**အဓမ္မအလုပ်ခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်၊ ၁၉၃၀ (အမှတ် ၂၉)**

အမြင်သဘောထား ၂၀၁၈/၈၉

**မြန်မာ** (အတည်ပြုလက်မှတ်ရေးထိုးခြင်း - ၁၉၅၅)

*ပြဋ္ဌာန်းချက် အပိုဒ် ၁(၁)၊ အပိုဒ် ၂(၁) နှင့် အပိုဒ် ၂၅။ အဓမ္မအလုပ်ခိုင်းစေမှုပုံစံအားလုံးကိုပပျောက်စေခြင်း*

၁။ *အဓမ္မအလုပ်ခိုင်းစေမှုပပျောက်ရေးနှင့်စပ်လျဉ်း၍ ILO ၏ပတ်သက်မှု။ (က) နောက်ခံသမိုင်းကြောင်း* - ၁၉၉၇ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံတွင်းရှိ အဓမ္မအလုပ်ခိုင်းစေမှုအခြေအနေကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ILO ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၆ နှင့်အညီ စုံစမ်းရေးကော်မရှင် (Commission of Inquiry) ကိုဖွဲ့စည်း ခဲ့ပါသည်။ ILO အုပ်ချုပ်မှုအဖွဲ့သို့ အစီရင်ခံတင်ပြခဲ့သကဲ့သို့ ပဋိပက္ခဖြစ်ပွားသည့်နေရာဒေသများအပါအဝင် နိုင်ငံအတွင်းတွင် အဓမ္မအလုပ်ခိုင်းစေမှုများသည် အသွင်အမျိုးမျိုးဖြင့် နှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့ပါသည်။ထို့ပြင် အစိုးရနှင့်ပုဂ္ဂလိက လုပ်ငန်းများတွင်လည်း ရှိနေခဲ့သည်။ စုံစမ်းရေးကော်မရှင်၏အကြံပြုတိုက်တွန်းချက်များတွင်၊ အောက်ပါအချက်များ ကိုသေချာစေဖို့ လိုအပ်သည့်ခြေလှမ်းများကိုလှမ်း၍ လုပ်ဆောင်ပါရန် တိုက်တွန်းခဲ့ပါသည်။ (၁)။ ဆီလျော်သော ဥပဒေများ၊ အထူးသဖြင့် ကျေးရွာဥပဒေနှင့်မြို့ပြဥပဒေ။ ၎င်းတို့ကို ပြဋ္ဌာန်းချက်နှင့်အညီ ဖြစ်စေရပါမည်။ (၂)။ လက်တွေ့တွင် အာဏာပိုင်များ၊ အထူးသဖြင့်စစ်တပ် ကခိုင်းသည့် အဓမ္မ သို့မဟုတ် မလုပ်မနေရ အလုပ်ခိုင်း စေမှု မရှိစေရတော့ပါ။ (၃)။ အဓမ္မအလုပ်ခိုင်းစေမှု သို့မဟုတ် မလုပ်မနေရ လုပ်ရသောအလုပ်အတွက် ပြစ်မှုဆိုင်ရာ ဥပဒေ၏ ပုဒ်မ ၃၇၄ နှင့်အညီသတ်မှတ်နိုင်သောပြစ်ဒဏ်များသည် တင်းကြပ်စွာအာဏာသက်ရောက်မှုရှိစေရပါ မည်။

ထိုအချိန်မှစ၍၊ ဤအထူးကိစ္စရပ်သည် နိုင်ငံတော်အစိုးရနှင့်ILO အကြား ဆယ်စုနှစ် တစ်စုကျော် ကြာသည့် အဓိကထားပူးပေါင်းဆောင်ရွက်မှုတစ်ခု ဖြစ်လာရပါသည်။ ၂၀၀၂ ခုနှစ်တွင်၊ နိုင်ငံတော်အစိုးရနှင့်ILOအကြား သဘောတူညီမှုတစ်ခုရရှိခဲ့ပြီး၊ ယင်းသဘောတူညီမှုသည် ILO ဆက်သွယ်ညှိနှိုင်းရေးအရာရှိတစ်ဦးကို ခန့်အပ်ရန် ဖြစ်သည်။ ယင်းနောက်၊ ၂၀၀၇ ခုနှစ်တွင် နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding –SU) ကိုလက်မှတ်ရေးထိုးပါသည်။ အထူးသဖြင့်၊ တိုင်တန်းမှုယန္တရားတစ်ရပ်ကို "အဓမ္မအလုပ်ခိုင်းစေမှုကျူးလွန်ခံရ သူများသည် ၎င်းတို့၏တိုင်တန်းမှုကို ILO ဆက်သွယ်ညှိနှိုင်းရေးအရာရှိ၏ဝန်ဆောင်မှုများမှသည် အခွင့်အာဏာရှိ သူများထံသို့ ဆီလျော်သည့်ဥပဒေပြဋ္ဌာန်းမှုနှင့်အညီလည်းကောင်း၊ ပြဋ္ဌာန်းချက်နှင့်အညီလည်းကောင်း ကုစားမှုများ ကိုရှာဖွေနိုင်ရန်မျှော်မှန်းလျက် ဖြစ်နိုင်ခြေများကိုတရားဝင်ပေးအပ်ရန် ရည်ရွယ်ချက်ဖြင့်" စီစဉ်တင်ပြခဲ့ပါသည်။ ဤလုပ်ဆောင်မှုအပြင်၊ILOသည်၂၀၁၅ ခုနှစ်တွင် အဓမ္မအလုပ်ခိုင်းစေမှုပပျောက်ရေး ပူးပေါင်းမဟာဗျူဟာအတွက် နားလည်မှုစာချွန်လွှာ (Memorandum of Understanding – MoU) ကို ၂၀၁၂ ခုနှစ်တွင် ချုပ်ဆိုခဲ့သည်။ ၎င်းတွင် တစ်ခုနှင့်တစ်ခုဆက်နွယ်မှုရှိသော လုပ်ငန်းစီမံချက် (၇)ခုအတွက် အခြေခံအချက်များ ပါရှိသည်။ ILO သည် ကလေးစစ်သားစုဆောင်းမှုနှင့်ဆိုင်သည့် စောင့်ကြည့်လေ့လာရေးနှင့်အစီရင်ခံတင်ပြရေး နိုင်ငံအလိုက်အထူး တာဝန်အဖွဲ့ (Country Task Force on Monitoring and Reporting – CTFMR)တွင်လည်းပါဝင်ပါသည်။

*(ခ) လက်ရှိ တိုးတက်ဖြစ်ထွန်းမှုများ* ။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင်၊ နိုင်ငံတော်အစိုးရနှင့်ILO သည်နောက်ထပ် MoU တစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြပြီး ယင်းသည် အဓမ္မအလုပ်ခိုင်းစေမှုပုံစံအားလုံးပပျောက်ရေးအတွက် ၂၀၁၈ခုနှစ် လုပ်ငန်းစီမံချက်အသစ် (Action Plan) ကိုသဘောတူကြသည်။ ထိုAction Planသည် ဦးစားပေးအကြောင်းအရာ(၄)ခုကိုအဓိကဦးတည်ပြီး ယင်းတို့တွင်ပါဝင်သည့်အချက်များမှာ (၁) တိုင်တန်းမှုယန္တရား၏လုပ်ငန်းလည်ပတ်မှုကိုဆက်၍ရှိစေခြင်း၊(၂)အစိုးရအရာရှိများအပါအဝင် သက်ဆိုင်သူများအတွက် အဓမ္မအလုပ်ခိုင်းစေမှုနှင့်ပတ်သက်သည့် သင်တန်းပေးခြင်းနှင့် အသိအမြင်မြှင့်တင်ပေးခြင်း၊ (၃) အဓမ္မအလုပ်ခိုင်းစေမှုအဆုံးသတ်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များ၌စွမ်းဆောင်ရည်များကို တည်ဆောက်မြှင့်တင်ပေးခြင်း၊ (၄) ပုဂ္ဂလိကကဏ္ဍ၌ အဓမ္မအလုပ်ခိုင်းစေမှု မဖြစ်အောင်တားဆီးရန်အတွက်သုံးပွင့်ဆိုင်မိတ်ဖက်များကိုစည်းရုံးလှုံ့ဆော်ခြင်း တို့ဖြစ်သည်။ အထူးသဖြင့်၊ SU ကို၂၀၁၈ခုနှစ် ဒီဇင်ဘာလ ၃၁ရက်နေ့ အထိသက်တမ်းတိုးခြင်းသည် တိုင်တန်းမှုယန္တရားကိုလည်းကောင်း၊ အဓမ္မအလုပ်ခိုင်းစေမှုနှင့်စပ်လျဉ်းသည့်ပူးပေါင်းဆောင်ရွက်မှုကို သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်ဌာနေအစီအစဉ် (Decent Work Country Program – DWCP) သို့ ကူးပြောင်းသည့်ကာလအတွင်း၌လည်းကောင်း ဆက်၍လုပ်ကိုင်ခွင့်ရသွားစေပါမည်။ ထို DWCP ကို ၂၀၁၈ခုနှစ် ဇန်နဝါရီလ ၁၆ရက်နေ့တွင် အမျိုးသားအဆင့်သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖိုရမ် (National Tripartite Dialogue Forum – NTDF) ကလက်မှတ်ရေးထိုးခဲ့ပါသည်။ ယင်းကိစ္စကို ၂၀၁၈ခုနှစ် မတ်လ တွင်ဆွေးနွေးခဲ့စဉ်အတွင်း အုပ်ချုပ်မှုအဖွဲ့ (Governing Body – GB) က SU ကိုသက်တမ်းတိုးခြင်း၊ အဓမ္မအလုပ်ခိုင်းစေမှုပပျောက်ရေးအတွက် Action Plan အား နောက်ဆုံးပြင်ဆင်မှုအပေါ် သဘောချင်းတိုက်ဆိုင်မှုရရှိခဲ့ခြင်း၊ မြန်မာနိုင်ငံအတွက် ပထမဦးဆုံး DWCP ကို သုံးပွင့်ဆိုင်မိတ်ဖက်များကလက်မှတ်ရေးထိုးခြင်းတို့အား အလွန်ပင်ကြိုဆိုကာ ယင်းတို့သည် ILO မိတ်ဖက်များဦးစားပေးလုပ်ဆောင်ရမည့်အရာများကို ဆက်လက်လုပ်ကိုင်ခြင်း၌ သိသာထင်ရှားသည့်တိုးတက်မှုရှိခြင်းကို ကိုယ်စားပြုနေသည်ဟု (GB.332/INS/8,paragraph 17) ကောက်ချက်ချပါသည်။ ၂၀၁၈ခုနှစ် စက်တင်ဘာလ တွင် မြန်မာနိုင်ငံအတွက် ပထမဦးဆုံး DWCP ကိုပြည်ထောင်စုအစိုးရ၊ အလုပ်ရှင်နှင့်အလုပ်သမားအဖွဲ့အစည်းများ နှင့် ILO တို့သဘောတူခဲ့ကြပါသည်။ အဖွဲ့အားလုံးက ယင်းသည် တိုင်းပြည်အတွက် အဓိကရှေ့ခြေလှမ်း တစ်လှမ်းဖြစ်ကြောင်းမှတ်ယူပါသည်။ ဆယ်စုနှစ်များစွာရှိခဲ့သည့်အာဏာရှင်အုပ်ချုပ်မှု၊ ယင်းနှင့်ဆက်နွယ်သည့်အဓမ္မအလုပ်ခိုင်းစေမှုပြဿနာများ၏နောက်ဝယ် ILOနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအသိုင်းအဝန်းနှင့်လည်းကောင်း ၎င်း၏ပတ်သက်မှုကို ပုံမှန်ပြန်၍ဖြစ်စေမည်ဖြစ်ကြောင်း အရိပ်လက္ခဏာပြသခြင်းဖြစ်ပါသည်။

၂။ *ပြဋ္ဌာန်းချက်ကို ဥပဒေအရလည်းကောင်း၊ ကျင့်သုံးမှုအရလည်းကောင်း လက်တွေ့အသုံးချခြင်း* ။ ကော်မတီက ယခင်ကပြုခဲ့သောသဘောထားမှတ်ချက်များတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဥပဒေ ၂၀၁၂ ကိုသဘောတူလက်ခံသောကြောင့်ကျေနပ်ကြောင်းမှတ်ချက်ပေးပါသည်။ယင်းဥပဒေဖြင့် ကျေးရွာအက်ဥပဒေ (Village Act)နှင့်မြို့များအက်ဥပဒေ(Towns Act)၁၉၀၇ (ပုဒ်မ၃၇) ကိုရုပ်သိမ်းခဲ့ပြီး ယင်းဥပဒေသည် အဓမ္မအလုပ်ခိုင်းစေသည့်မည်သည့်ပုဂ္ဂိုလ်ကိုမဆို ထောင်ဒဏ်နှင့်ငွေဒဏ်ပြစ်ဒဏ်ပေးနိုင်သည့် (ပုဒ်မ၂၇က) ကိုကျူးလွန်သူဖြစ်စေပါသည်။ သို့သော်လည်း၊ ကော်မတီက ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၅၉ (အခန်း ၈ - နိုင်ငံသား၊ နိုင်ငံသားများ၏မူလ အခွင့်အရေးနှင့်တာဝန်များ)ကို ပြင်ဆင်ရန်အတွက် မည်သည့်အရေးယူဆောင်ရွက်မှုကိုမျှ

မပြုခဲ့သေးသည်ကိုသတိပြုမိပါသည်။"အများပြည်သူအကျိုးဆောင်ရွက်ရန်နိုင်ငံတော်က ဥပဒေနှင့်အညီတာဝန်ချထားခြင်း"ဟုဖော်ပြထားခြင်းက ယင်းသည် အဓမ္မအလုပ်ခိုင်းစေမှုကိုတားမြစ်ထားခြင်းမှ ကင်းလွတ်ခွင့်ပေးထားနေပါသည်၊ ထို့ကြောင့် ယေဘုယျပြုထားသည့်အဓမ္မလုပ်အားကို ပြည်သူများအပေါ် ခိုင်းစေခွင့်ပြုသည့်ပုံစံဖြင့် အဓိပ္ပာယ်ကောက်ယူနိုင်ပါသည်။ နိုင်ငံတော်အစိုးရက ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုအပ်သကဲ့သို့ ပြင်ဆင်မည်ဖြစ်ကြောင်း ပြောကြားထားပါသည်။ ဤပြဋ္ဌာန်းချက်ကိုလက်တွေ့အသုံးချခြင်းနှင့်စပ်လျဥ်း၍ဆိုရပါမူ ဤကော်မတီသည် နိုင်ငံတော်အစိုးရကILOနှင့်ပူးပေါင်း၍ အသုံးပြုလျက်ရှိသောအဓမ္မအလုပ်ခိုင်းစေမှုများကို ချေမှုန်းရန်မျှော်မှန်းပြီး၊ တာဝန်ယူဆောင်ရွက်ခဲ့သည့်လုပ်ဆောင်မှုအမျိုးမျိုးကိုကြိုဆိုပါသည်။ ဤလုပ်ဆောင်မှုများထဲတွင် နိုင်ငံတစ်ဝှန်းအသိအမြင်မြှင့်တင်ရေးအတွက် ကျယ်ပြန့်သည့်လှုပ်ရှားမှုများကိုပြုလုပ်ခြင်း၊ အဓမ္မအလုပ်ခိုင်းစေခံရသူများအား ကုစားမှု ရှာဖွေနိုင်ရေးအတွက် SU တိုင်တန်းမှုယန္တရားကိုဆက်၍အသုံးပြုနိုင်ရန်ပံ့ပိုးကူညီခြင်း၊ အဓမ္မအလုပ်ခိုင်းစေမှုကိုဆက်၍အသုံးပြုခြင်းအတွက် စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်အများအပြားအား ၎င်းတို့လုပ်ရပ်များအတွက်တာဝန်ယူစေခြင်းတို့ပါဝင်ပါသည်။ အဓမ္မအလုပ်ခိုင်းစေမှုပုံစံအားလုံးပပျောက်ရေးအတွက်ရှေ့ရှုလုပ်ဆောင်ရာတွင်တိုးတက်မှုများရှိလာသည်ကိုကောင်းစွာသတိပြုမိသော်လည်း ကော်မတီသည် မြန်မာနိုင်ငံတွင်အဓမ္မအလုပ် အသုံးပြုမှုဆက်ရှိနေသေးကြောင်း လေ့လာတွေ့ရှိပါသည်။

နိုင်ငံတော်အစိုးရ၏အစီရင်ခံစာပါ သတင်းအချက်အလက်များအရ၊ ၂၀၀၇ ခုနှစ် မတ်လ မှ ၂၀၁၈ ခုနှစ် ဖွန်လ အထိ အမှုတိုင်စာစုစုပေါင်း ၇၅၄ စောင် လက်ခံရရှိခဲ့ပြီး၊ ယင်းတို့အထဲမှ ၇၃၉မှု သည် ကလေးစစ်သားစုဆောင်းမှုနှင့်ဆက်နွယ်ကာ၊ ၁၃မှု သည်အဓမ္မအလုပ်ခိုင်းစေမှု၊ ကျန် ၂မှု သည် အခြားကိစ္စရပ်များဖြစ်ကြောင်း ကော်မတီက သတိပြုမိပါသည်။ ကလေးစစ်သားစုဆောင်းမှုနှင့်အဓမ္မအလုပ်ခိုင်းစေမှုအတွက် စစ်ဘက်ဆိုင်ရာစည်းကမ်းဖြင့် စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ် ၃၇၇ ဦးကို အရေးယူခဲ့ပြီး၊ ယင်းတွင် အရာရှိ ၆၄ဦး နှင့်အရာရှိမဟုတ်သောအခြားအဆင့်ရှိ စစ်သည် ၃၁၃ ဦး ပါဝင်ပါသည်။ ထို့အပြင် ကလေးစစ်သားစုဆောင်းမှုတားဆီးရေး Action Plan ၏လုပ်ငန်းမူဘောင်အတွင်းမှ စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ် ၄၄၈ဦး ကို စစ်စည်းကမ်းဖြင့်ပြစ်ဒဏ်ပေးပါသည်။ ပုဂ္ဂိုလ် ၁ဦး တည်းကိုသာ ပြစ်မှုဥပဒေ ပုဒ်မ ၃၇၄ အောက်မှ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ နိုင်ငံတော်အစိုးရက ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဥပဒေ ၂၀၁၂ ခုနှစ် အတွက် အကောင်အထည်ဖော်ရေးညွှန်ကြားချက်များကို ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအတွက်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ရာထူးအဆင့်အားလုံးအတွက် ထုတ်ပြန်ခဲ့ကြောင်း ကော်မတီက မှတ်သားရပါသည်။ ထို့အပြင်၊ အဓမ္မအလုပ်ခိုင်းစေမှုဆိုင်ရာ အသိအမြင်မြှင့်တင်ပေးရေး အလုပ်ရုံဆွေးနွေးပွဲပေါင်း ၁၈,၁၉၁ ကြိမ်ပြုလုပ်ခဲ့ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး၏သက်ဆိုင်ရာမြို့နယ်များမှ တက်ရောက်ပါဝင်သူပေါင်း ၁,၂၈၀,၃၀၇ ဦးရှိသည်။ ကလေးစစ်သားစုဆောင်းမှုကိုတားဆီးရန်အတွက် စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များကိုလည်း သင်တန်းပေးပါသည်။ နိုင်ငံတော်အစိုးရက နောက်ထပ်ဖော်ပြထားသေးသည်မှာ အဓမ္မအလုပ်ခိုင်းစေမှု သို့မဟုတ် လုပ်ခမပေးသည့်အလုပ်များကို တားဆီးရန်အတွက် ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများသို့ အထူးဘတ်ဂျက်များခွဲဝေချထားပေးသည် ဟူ၍ဖြစ်သည်။ ထို့ပြင်၊ အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍ၌ အလုပ်သမားဥပဒေများအာဏာသက်ရောက်မှုရှိကြောင်းသေချာစေရေးအတွက် အစီအမံများကို တာဝန်ယူဆောင်ရွက်ထားပါသည်။ ILO ကပေးသည့်နည်းပညာအကူအညီဖြင့် အလုပ်သမားဥပဒေပြုပြင်ပြောင်းလဲရေးကိုလည်း ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။ သို့ရာတွင်၊ နိုင်ငံတော်အစိုးရ၏အစီရင်ခံစာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း

(၈) ၏အပိုဒ် ၃၅၉ ကိုပြင်ဆင်ခြင်းနှင့်ဆိုင်သည့်တိုးတက်ဖြစ်ထွန်းမှုများ မပါရှိသည်ကို ကော်မတီက သတိပြုမိပါသည်။

(၂၀၁၈ခုနှစ်တွင်ထုတ်ဝေသည့်) သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်ရရှိရေး လိုအပ်ချက်အစီရင်ခံစာ (DWCP – Diagnosis Report) မှ ကော်မတီအနေဖြင့် သတိပြုမိသည်မှာ၊ ILOသည် နိုင်ငံတော်အစိုးရနှင့်တကွ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ပါ အဓမ္မအလုပ်ခိုင်းစေမှုအဆုံးသတ်ရေးသန္နိဋ္ဌာန် အာမခံချက်ရှိစေရန်အတွက်လုပ်ဆောင်လျက်ရှိလေရာ ရလဒ်အနေဖြင့် ပြည်နယ်မဲ့လက်နက်ကိုင်အုပ်စုအနည်းဆုံးနှစ်ဖွဲ့က ထိုကျင့်သုံးမှုပပျောက်စေရေးအတွက် ကတိကဝတ်ပြုကြခြင်းဖြစ်သည်။ အမျိုးသားအဆင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်-၂၀၁၅ တွင်အရပ်သားများအားအဓမ္မအလုပ်ခိုင်းစေခြင်းနှင့်ကလေးများကိုစုဆောင်းခြင်းတို့အား တားဆီးရန်ကတိကဝတ်များထည့်သွင်းထားသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ဖြစ်ထွန်းတိုးတက်မှုများသည်လည်း အဓမ္မအလုပ်ခိုင်းစေမှုပပျောက်ရေးနှင့်စပ်လျဥ်း၍ အပြုသဘောဆောင်သည့်အကျိုးရလဒ်များကို ရှာမှီးလာနိုင်မည့်ဟန်ရှိနေပါသည်။ အဓမ္မအလုပ်ခိုင်းစေမှုအထူးကိစ္စရပ်ကို ၂၀၁၆ခုနှစ်တွင်ပြုလုပ်ခဲ့သော ပထမအကြိမ်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(Union Peace Conference) ၌အလေးထားခဲ့ပါသည်။ ထိုသို့သောအကြောင်းကြောင့် လုံခြုံရေးတပ်ဖွဲ့များနှင့်လက်နက်ကိုင်အုပ်စုများ နှစ်ဖွဲ့စလုံးက စစ်ရေးရည်ရွယ်ချက်ဖြင့်အဓမ္မလူစုဆောင်းခြင်းအတွက်တိုင်ကြားသည့်အမှုအရေအတွက်သည် သိသာစွာလျော့ကျသွားပါသည်။ ထိုနည်းတူစွာ၊ ဒေသအာဏာပိုင်များဖက်ကအသိအမြင်တိုးလာခြင်း၏ရလဒ်အဖြစ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများ(public works) အတွက် အဓမ္မလူစုဆောင်းမှုသည်လည်း ကျဆင်းလာပါသည်။ သို့ရာတွင် အစိုးရအရာရှိများကိုပေးသည့် ဥပဒေကိုအကျိုးထိရောက်စွာလက်တွေ့အသုံးချခြင်းသင်တန်းနှင့် ပြည်သူများ၏အသိအမြင်ကိုမြှင့်တင်ပေးသောလှုပ်ရှားမှုများကိုအရှိန်ပြင်းပြင်းထပ်လောင်းလုပ်ဆောင်ကြရန်လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရသည် အဓမ္မအလုပ်ခိုင်းစေမှုပပျောက်ရေးအတွက်လုပ်ငန်းစီမံချက်များကိုအကောင်အထည်ဖော်ရာ၌လည်းကောင်း၊ ဥပဒေကိုလိုက်နာကြောင်းသေချာစေခြင်းအတွက်လည်းကောင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများအပေါ်ပို၍တာဝန်ပေးခြင်းဖြင့် ဗဟိုချုပ်ကိုင်မှုပို၍လျော့နည်းသောစနစ်အားလက်ခံလိုသည့်ဆန္ဒကိုပြသလျက်ရှိပါသည်။ ပုဂ္ဂလိကကဏ္ဍရှိ အဓမ္မအလုပ်ခိုင်းစေမှုပြဿနာများကိုကိုင်တွယ်ဖြေရှင်းရန်အတွက် အလုပ်သမားရေးရာစစ်ဆေးရေးမှူးများနှင့် လူမှုရေးမိတ်ဖက်များကိုပါ စွမ်းဆောင်ရည်မြှင့်တင်ပေးဖို့လိုအပ်ပါသည်။

သို့ရာတွင်၊ ဤကော်မတီသည် ၂၀၁၈ခုနှစ် စက်တင်ဘာလ ၁၇ရက် နေ့စွဲဖြင့် ထုတ်ပြန်သော မြန်မာနိုင်ငံနှင့်စပ်လျဥ်းသည့် လွတ်လပ်သောအပြည်ပြည်ဆိုင်ရာအချက်အလက်ရှာဖွေရေးအထူးအဖွဲ့၏အသေးစိတ်တွေ့ရှိချက်အစီရင်ခံစာ (The Report of the Detailed Findings of the Independent International Fact-Finding Mission onMyanmar)(A/HRC/39/CRP.2)မှသတိပြုမှတ်သားမိသည်မှာ*တပ်မတော်* (မြန်မာနိုင်ငံ၏လက်နက်ကိုင်တပ်ဖွဲ့များ)ကအသုံးပြုသည့်အဓမ္မအလုပ်ခိုင်းစေမှုသည်ဆက်လက်ရှိနေပြီးအထူးသဖြင့် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တွင်လည်းကောင်း၊ ရခိုင်တိုင်းရင်းသားနှင့်ရိုဟင်ဂျာများအကြားတွင်လည်းကောင်း ဖြစ်သည်။ ဥပမာများစွာတို့တွင် *တပ်မတော်* သည်ကျေးရွာတစ်ရွာသို့ရောက်သည့်အခါ ရွာသားများကိုမိမိတို့၏နေအိမ်များမှတိုက်ရိုက်ခေါ်ဆောင်၍ဖြစ်စေ၊ ၎င်းတို့၏ရွာပတ်လည်အနီး ငါးဖမ်း၊ လယ်လုပ်၊ လက်တိုလက်တောင်း အလုပ် လုပ်စဉ် သို့မဟုတ် ခရီးသွားသွားနေရာမှဖြစ်စေ ခေါ်သွားသည်များရှိပါသည်။ အချို့သောဖြစ်ရပ်များတွင် ဤသည်တို့ကို အစီအစဉ်ချ

၍လုပ်ဆောင်ခြင်းဖြစ်သည်။ဥပမာ ခွဲတမ်းပေါ်အခြေခံ၍ စာရင်းအရ တစ်အိမ်ချင်းအလိုက်ခေါ်ခြင်း သို့မဟုတ် ကျေးရွာခေါင်းဆောင်များ၏ပူးပေါင်းဆောင်ရွက်မှုဖြင့်ခေါ်ယူခြင်းတို့ဖြစ်သည်။ အဓမ္မအလုပ်ခိုင်းစေခံရသည့်အချိန် အတိုင်းအတာသည်ရက်အနည်းငယ်မှသည်လအနည်းငယ်အထိကြာမြင့်တတ်သည်။ အဓမ္မအလုပ်ခိုင်းစေခံရသူ များသည်အလုပ်မျိုးစုံ လုပ်ကြရသည်။ အချို့တို့သည် ပစ္စည်းထမ်းများအဖြစ်(ပေါ်တာ) အစားအစာ၊ အဝတ်အထည် အချို့ဖြစ်ရပ်များတွင် လက်နက်များ အစရှိသည်တို့အပါအဝင် လေးလံသည့်အထုပ်များကိုသယ်ပိုးရသည်။ အခြား အသိများသောအလုပ်အမျိုးအစားများတွင် ကတုတ်ကျင်းများတူးခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း၊ ချက်ပြုတ်ခြင်း၊ ထင်းကောက် သစ်ပင်ခုတ်ခြင်း၊ လမ်းဖောက်ခြင်း သို့မဟုတ် စစ်တပ်ပရဝဏ်အတွင်း အဆောက်အဦး ဆောက်လုပ်ခြင်းတို့ပါဝင်သည်။ ခိုင်းစေခံရသူများသည်လည်း တိုက်ပွဲများတွင် တစ်ခါတစ်ရံတိုက်ခိုက် သို့မဟုတ် ပါဝင်ဖို့လိုအပ်သည့်အခါများလည်းရှိသည်။ ခိုင်းစေခံရသူများသည် မကြာခဏဆိုသလို အရည်အသွေးမကောင်း သည့်အစားအသောက်များကိုပင် အလုံအလောက်မကျွေးသည့်အခါနှင့်ကြုံရသည်။ သို့မဟုတ် ထိုအစားအ သောက်များကိုလုံးဝပင်စား၍မရပါ။ ရေအသုံးပြုခွင့်မရသည်များရှိသကဲ့သို့ နေရာထိုင်ခင်းမဖူလုံသည့်နေရာများ၌ အထားခံကြရသည်၊ အိပ်ရာထိုင်ခင်းမရှိပဲ လေဟာပြင်၌နေရခြင်းအပါအဝင် ပြည့်စုံသည့်ရေအိမ်များမရှိခြင်းလည်း ပါဝင်သည်။ ၎င်းတို့သည် အတိုက်အခံလုပ်ပါက၊ အလုပ်လုပ်နေးပါက သို့မဟုတ် အနားယူပါက ကြမ်းတမ်းစွာဆက် ဆံခံရသည်။အထူးသဖြင့်၊ အဓမ္မအလုပ်ခိုင်းစေခံရသူအမျိုးသမီးများသည်လည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် တွေ့ကြုံရင်ဆိုင်ရပါသည်။ (စာပိုဒ် ၂၅၈ - ၂၇၃၊ ၄၁၂ -၄၂၄၊ နှင့် ၆၁၄ -၆၁၅)။

ဤကော်မတီသည် အဓမ္မအလုပ်ခိုင်းစေမှုပပျောက်ရေးအတွက် နိုင်ငံတော်အစိုးရ၏တာဝန်ယူဆောင်ရွက်မှု များနှင့်တိုးတက်ဖြစ်ထွန်းမှုများကိုအလေးပေးမှတ်သားလျက်ရှိပါသည်။ သို့ရာတွင်၊ ဤကော်မတီသည် ***လေးနက်စွာ အမှုထားလျက်*** ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တွင်လည်းကောင်း၊ ရခိုင်တိုင်းရင်းသားများနှင့်ရိုဟင်ဂျာများအကြား တွင်လည်းကောင်း တပ်မတော်ကဆက်၍အသုံးပြုနေသည့်အဓမ္မအလုပ်ခိုင်းစေမှုကို မှတ်သားရပါမည်။ ထို့အပြင်၊ ဤကော်မတီကလေ့လာတွေ့ရှိသည်မှာ အဓမ္မအလုပ်ခိုင်းစေမှုတွင်ပါဝင်ပတ်သက်ကြောင်းတွေ့ရှိသည့် စစ်ဘက် ဆိုင်ရာပုဂ္ဂိုလ်များအားလုံးနီးပါးအနက် ပြစ်မှုဥပဒေ ပုဒ်မ၃၇၄ ဖြင့်ပြစ်ဒဏ်ချမှတ်ခံရသူတစ်ဦးမှလွဲ၍ ကျန်ပုဂ္ဂိုလ်များ အား စည်းကမ်းနှင့်ဆိုင်သောအရေးယူမှုကိုသာပြုခြင်းဖြစ်သည်။ ဤကော်မတီက နိုင်ငံတော်အစိုးရအား အမှတ် ရစေလိုသည်မှာ ပြဌာန်းချက် *အပိုဒ် ၂၅* ၏အရင်းခံအကြောင်းမှာ အဓမ္မ သို့မဟုတ် မလုပ်မနေရအလုပ် ခိုင်းစေမှုကို *ရာဇဝတ်*မှု အဖြစ် ပြစ်ဒဏ်ပေးရမည်၊ ထို့ပြင် ဥပဒေဖြင့်ချမှတ်သောပြစ်ဒဏ်များသည် အမှန်တကယ်လုံ လောက်မှုရှိရမည်၊ အာဏာသက်ရောက်စေရန် တင်းကြပ်စွာဆောင်ရွက်ရမည် ဟုဖြစ်ပါသည်။

***သို့ဖြစ်ပါ၍ဤကော်မတီသည် အဓမ္မအလုပ်ခိုင်းစေမှုပုံစံအားလုံး အထူးသဖြင့် တပ်မတော်ကပြုလုပ်သည့်အဓမ္မ အလုပ်ခိုင်းစေမှုများသေချာပေါက်ပပျောက်စေရေးအတွက် ဥပဒေဖြင့်ရော လက်တွေ့ကျင့်သုံးမှုဖြင့်ပါ ယင်း၏ ကြိုးပမ်းအားထုတ်မှုကိုအားဖြည့်ပါရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းပါသည်။ အမှုကိစ္စအားလုံး၌၊ မပြုလုပ်ရန် လုံလောက်စွာတားမြစ်သောထောင်ချသည့်ပြစ်ဒဏ်များကိုပြစ်မှုကျူးလွန်သူများအပေါ်ချမှတ်ပြီး ယင်းအမိန့်အာဏာ တည်စေရန်အလို့ငှာ နိုင်ငံတော်၏ဥပဒေပြဌာန်းချက်များ၊ အထူးသဖြင့် ပြင်ဆင်ထားသော ရပ်ကွက်နှင့်ကျေးရွာ အုပ်စုအုပ်ချုပ်ရေးဥပဒေ-၂၀၁၂နှင့် ပြစ်မှုဆိုင်ရာဥပဒေပေါင်းချုပ်ကို သေချာပေါက်လက်တွေ့ကျင့်သုံးကြောင်း သေချာစေရေးအတွက်လိုအပ်သည့်ဆောင်ရွက်မှုများပြုလုပ်ပါရန်ဤကော်မတီသည် နိုင်ငံတော်အစိုးရ အားမေတ္တာ***

*ရပ်ခံပါသည်။ ဤအကြောင်းကြောင့်၊ ဤကော်မတီသည် နိုင်ငံတော်အစိုးရအား မေတ္တာရပ်ခံသည်မှာ ရှာဖွေတွေ့ရှိသည့်အဓမ္မအလုပ်ခိုင်းစေသည့်အမှုများ၊ ပြစ်မှုကျူးလွန်သူများအပေါ်ချမှတ်သည့်တိကျသည့်ပြစ်ဒဏ်များစသည့်ကိန်းဂဏန်းအချက်အလက်များအပါအဝင် ၎င်းတာဝန်ခံကြောင်းသေချာစေမည့် အထက်ဖော်ပြပါ ဥပဒေပြဋ္ဌာန်းချက်များအား လက်တွေ့အသုံးချခြင်းနှင့်ဆိုင်သောသတင်းအချက်အလက်များကို ဆက်လက်တင်ပြရန်ဖြစ်သည်။ ထပ်လောင်း၍မေတ္တာရပ်ခံသေးသည်မှာ၊ စစ်တပ် သို့မဟုတ် အရပ်ဖက်အာဏာ ပိုင်များ၊ ပုဂ္ဂလိကကဏ္ဍတို့သည် အဓမ္မအလုပ်ခိုင်းစေမှုကိုလက်တွေ့ကျင့်သုံးခြင်းလုံးဝမရှိတော့ကြောင်း သေချာစေရေးအတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူးများ၊ စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များ၊ အခြားပါဝင်သက်ဆိုင်သူများနှင့် ပြည်သူလူထုတို့အတွက် အသိအမြင်မြှင့်တင်ခြင်း၊ စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်းကဲ့သို့ သောလုပ်ဆောင်မှုများအကြောင်း အသေးစိတ်သတင်းအချက်အလက်များကိုဆက်၍တင်ပြရန်ဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့် ဤကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၅၉ ကိုပြင်ဆင်ခြင်းနှင့်စပ်လျဉ်းပြီး လုပ်ဆောင်ခဲ့သောမည်သည့်ဖြစ်ထွန်းတိုးတက်မှုမဆိုနှင့်ဆိုင်သောသတင်းအချက်အလက်များကိုတင်ပြပါရန် နိုင်ငံတော်အစိုးရသို့ မေတ္တာရပ်ခံပါသည်။ ဤကော်မတီက မြန်မာနိုင်ငံ၌ အဓမ္မလုပ်အား သို့မဟုတ် မလုပ်မနေရအလုပ်ခိုင်းစေမှု လုံးဝပပျောက်ကြောင်းသေချာစေရေးအတွက် ဤပြဋ္ဌာန်းချက်ကိုအပြည့်အဝလိုက်နာမှုရှိနိုင်ရန်အလို့ငှာ လုပ်ဆောင်ရန်လိုအပ်သောအစီအမံများအားလုံးကိုနှောင့်နှေးခြင်းမရှိပဲ ဆောင်ရွက်ကြလိမ့်မည်ဟုခိုင်မာစွာမျှော်လင့်ကြောင်း ထပ်လောင်းပြောကြားလိုပါသည်။*

ဤကော်မတီသည်နိုင်ငံတော်အစိုးရအားတိုက်ရိုက်တင်ပြသည့်မေတ္တာရပ်ခံချက်တွင် အခြားကိစ္စရပ်များကိုတင်ပြထားပါသည်။

*[၁၀၈ကြိမ်မြောက်အစည်းအဝေး၌ အကြောင်းအချက်အပြည့်အစုံကို ညီလာခံသို့တင်ပြပါရန် နိုင်ငံတော်အစိုးရသို့တောင်းဆိုပါသည်။ ထို့ပြင် ၂၀၁၉ ခုနှစ်၌ လက်ရှိအမြင်သဘောထားများအပေါ် ပြည့်စုံစွာဖြေကြားပေးရန်ဖြစ်သည်။]*